DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၉၂)

# ဒါနအခြေခံတဲ့
# သမထ ဝိပဿနာ


အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၀၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဒါနအခြေခံတဲ့ သမထဝိပဿနာ

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ဒါနအခြေခံတဲ့ သမထဝိပဿနာ

သာသနာတော်နှစ် ၂၅၅၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်၊ ၂၀၁၂-ခု ဒီဇင်ဘာလ(၆)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော အထူးတရားပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး ဆေးရောင်းဝယ်ရေး မိသားစုများနှင့် ဓမ္မမိတ်ဆွေများ၏ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက် အသီးသီးတို့၌ သီတင်းသုံးတော်မူကြသော သံဃာတော်အရှင်မြတ် (၄၃၀၀)ကျော်တို့အား ဆွမ်းအစရှိသော လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းခြင်း သာသနာ့ပူဇာအောင်ပွဲ အထိမ်းအမှတ်အဖြစ်ဖြင့် ဟောကြားအပ်သော - "ဒါန အခြေခံတဲ့ သမထဝိပဿနာ"အကြောင်း တရားဒေသနာတော်။

ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ သံဃာဆိုတဲ့ ဦးတည်ချက်နဲ့ သံဃာ့ဂုဏ်ကို အာရုံပြုပြီး ဒါန ကောင်းမှု လုပ်ကြတယ်၊ မြတ်စွာဘုရားက ပုဂ္ဂလိက ဒါနနဲ့ သံဃိကဒါန ခွဲခြားဟောခဲ့တယ်၊ 'ပုဂ္ဂလိကဒါန' ဆိုတာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပိုင်ဆိုင်မှုအဖြစ် လှူဒါန်းတာ၊ ပုဂ္ဂိုလ်တစ်ဦးပိုင်တဲ့ပစ္စည်းကို ပုဂ္ဂလိက လို့ ခေါ်တယ်နော်၊ သံဃိက ဆိုတာ သံဃာပိုင်ဆိုင်တဲ့ပစ္စည်းကို ခေါ်တယ်၊ 'သံဃိကဒါန'ဆိုတာ သံဃာပိုင်လှူတာ။

အဲဒီတော့ ဒီနေရာမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ညွှန်းပြီး လှူဒါန်းတဲ့ဒါနကို ပုဂ္ဂလဒါနလို့လည်း ခေါ်တယ်၊ ပြောမယ်ဆိုရင် ပုဂ္ဂလိကအဖြစ် လှူတဲ့ဒါနမို့ ပုဂ္ဂလိကဒါန၊ သံဃာကို ဦးတည်ပြီး လှူတာက သံဃဒါနနော်၊ သံဃာအားလုံးကို ရည်ညွှန်းတယ်၊ နောက်တစ်ခါ သံဃာရဲ့အများပိုင်ပစ္စည်းအဖြစ် လှူဒါန်းတာကို သံဃိကဒါန၊ ဒီလိုလည်း ခေါ်ကြတာပေါ့။

အဲဒီတော့ ပုဂ္ဂလဒါနနဲ့ သံဃဒါန၊ ဒီလို နှစ်ခု ခွဲခြားမှတ်သားထားရမယ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကိုလှူတဲ့ ပုဂ္ဂလိကဒါန (သို့မဟုတ်) ပုဂ္ဂလဒါနဟာ အများသံဃာကို ရည်ညွှန်းပြီးတော့ လှူဒါန်းတဲ့ သံဃဒါန (သံဃိကဒါန)နဲ့ လုံးဝကွဲပြားခြားနားတယ်၊ ဘာဖြစ်လို့ ကွဲပြားခြားနားသလဲလို့ဆိုရင် ပုဂ္ဂိုလ် ဆိုတာ တစ်ဦးတစ်ယောက်နဲ့သာ သက်ဆိုင်သည့် အတွက် ဒီပုဂ္ဂိုလ်တစ်ဦးတည်းရဲ့ အရည်အချင်းအား လျော်စွာသာ အကျိုးပေးတယ်၊ သံဃာဆိုတာကျ တော့ ပုဂ္ဂိုလ်မျိုးစုံ ပါဝင်တယ်၊ တစ်ဦးမကောင်း တစ်ဦးကောင်း ဆိုတာလိုနော်၊ စွမ်းအားတွေ ပိုပြီး တော့ ပြည့်တယ်။

အလှူခံပုဂ္ဂိုလ်အနေနဲ့ ပြောမယ်ဆိုရင် ပုဂ္ဂိုလ် လှူတဲ့အခါ အဲဒီပုဂ္ဂိုလ်က ထူးမြတ်တဲ့ပုဂ္ဂိုလ်ဆိုလို့ ရှိရင်၊ ထူးမြတ်တဲ့ပုဂ္ဂိုလ်ဆိုတာ သူ့ကို အကြောင်း ပြုပြီး ကောင်းမှုဟာ အကျိုးကျေးဇူးတွေ ဖြစ်ပွါးနိုင် တယ်၊ ဒါက တစ်ခု။ သံဃိကဒါန ဆိုတာတော့

သံဃာတွေအားလုံးကို ရည်ညွှန်းတာ၊ သံဃာတွေထဲမှာ ထူးခြားတဲ့ပုဂ္ဂိုလ်တွေဆိုတာ ပါလာတတ်တယ်၊ ဒီတော့ ကိုယ်က ရည်ညွှန်းလိုက်တာလည်း သံဃာဆိုတော့ ကိုယ့်ရဲ့ကုသိုလ်နယ်ပယ်ကြီးဟာ ပိုကျယ်သွားတယ်၊ ပုဂ္ဂလိကဒါနကျ ကုသိုလ်နယ်ပယ်က ကျဉ်းမြောင်းတယ်၊ ဒီလိုပြောရမှာပေါ့နော်၊ တစ်ဦးတည်းကို အာရုံစိုက်တာ။

တစ်ချို့နေရာမှာဆိုရင် မြတ်စွာဘုရားက ပုဂ္ဂိုလ်တစ်ဦးတည်းကို ကြည်ညိုလို့ရှိရင် ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကို ဟောထားတာတွေရှိတယ်။ ပုဂ္ဂလပသာဒ တစ်ဦးတစ်ယောက်တည်းကို ကြည်ညိုလို့ရှိရင် အဲဒီပုဂ္ဂိုလ် တိမ်းယိမ်းဖောက်ပြန်တာမျိုး ဖြစ်လာတဲ့အခါမှာ သူ့ရဲ့အမူအကျင့်နောက် ကိုယ်က လိုက်သွားရင် ဒုက္ခရောက်တတ်တယ်ပေါ့။ အဲဒါကြောင့်မို့ ပုဂ္ဂလဆိုတာ ရွေးချယ်ဖို့တော့ လိုတယ်၊ ဒီစကားက မကြည်ညိုရဘူးလို့ ပြောတာ မဟုတ်ဘူးနော်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းကို ကြည်ညို လို့ရှိရင်- ဆိုပါစို့ - သူ့ရဲ့ကိုယ်ကျင့်တရားအရ သံဃာ တွေက အရေးယူတယ်ဆိုရင် ဒီပုဂ္ဂိုလ်ကို အလေး ထားသည့်အတွက်ကြောင့် သံဃာတွေကို သွား ပြစ်မှားလို့ရှိရင် ကိုယ့်မှာ ဒုက္ခရောက်တတ်တယ်။

**အနာထပိဏ်သူဌေးကြီး**ဟာ သံဃာတွေထဲ မှာဆိုရင် အရှင်သာရိပုတ္တရာကို အကြည်ညိုဆုံးပဲ၊ လူဆိုတာ တစ်ဦးနဲ့ တစ်ဦး မတူကြဘူးပေါ့နော်၊ ကြည်ညိုတယ်ဆိုတဲ့နေရာမှာ **ဘဝပါရမီရေစက်** ဆိုတာလည်း ပါတတ်သေးတယ်၊ တစ်ချို့ဆိုလို့ရှိရင် ဘုရားထက် ပိုကြည်ညိုတဲ့ပုံစံမျိုးတောင် ပေါက်တယ် ပေါ့နော်။

တစ်ခါတုန်းက ကလေးငါးရာ မုန့်တောင်းကြီး တွေ ထမ်းပြီးတော့ ပျော်ပွဲစားထွက်လာကြတယ်၊ ဘုရားနဲ့ သံဃာတွေ တွေ့တဲ့အခါမှာ မုန့်တောင်းတွေ ချပြီး ကန်တော့ရုံ ကန်တော့လိုက်ကြတယ်၊ ဘယ်သူ

မှ လှူချင်စိတ် မပေါက်ကြဘူး၊ မလှူကြဘူး၊ သူတို့လမ်း သူတို့ဆက်သွားကြတယ်။

နောက်က တစ်ပါးတည်းကြွလာတဲ့ အရှင်မဟာကဿပမထေရ်ကြီး တွေ့တဲ့အခါကျတော့ အားလုံး မုန့်တောင်းတွေ ချပြီး အရှင်မဟာကဿပကို လှူကြတယ်၊ သူတို့ပိုပြီးတော့ သဒ္ဓါဖြစ်တယ်လို့ ဒီလိုပြောရမယ်။

အဲဒီကိစ္စမှာ မြတ်စွာဘုရားက ဘယ်လောက်စိတ်ကောင်းရှိတယ်ဆိုတာ ကြည့် - သာမန်ပုဂ္ဂိုလ်တွေ ခေါင်းဆောင်ဖြစ်နေမယ်ဆိုလို့ရှိရင် ကိုယ့်ကိုကျော်ပြီး နောက်လိုက်တွေအတွက် ဦးစားပေးလုပ်တာ မကြိုက်ကြဘူး၊ လူတွေ တော်တော်များများဟာ ဒီအတိုင်းပဲ။

လူတွေရဲ့စိတ်က တစ်မျိုးပဲ၊ "အဖွဲ့အစည်းတစ်ခုမှာ ငါ ခေါင်းဆောင်၊ (သို့မဟုတ်) ဒီနေရာမှာ ငါ ခေါင်းဆောင်"ဆိုပြီး သူ့ကို ကျော်လုပ်ရင် မကြိုက်

တတ်တဲ့သူတွေ အများကြီးပဲ၊ ကြိုက်တဲ့သူ ခပ်နည်းနည်းပဲ။

မြတ်စွာဘုရားကျတော့ ကြည့်လေ၊ ဘုရား၊ သံဃာတွေကို ကျော်ပြီး အရှင်မဟာကဿပကို လှူတာ သိတယ်၊ ရဟန်းတွေကို ခဏာဆိုင်းခိုင်းတယ်၊ နောက်က မုန့်တောင်းတွေ လှူလိမ့်မယ်၊ သစ်ပင်ရိပ်ကနေ ခဏစောင့်ပေးတယ်၊ အရှင်မဟာကဿပက ခေါ်လာတယ်၊ "လာကြ၊ ရှေ့နားမှာ ဘုရားရှိတယ်၊ ဘုရားသွား လှူကြမယ်"၊ ဘုရားက "ငါနဲ့ တွေ့တုန်းကတော့ မလှူဘူး၊ ခုမှ မလှူနဲ့" လို့ မပြောဘူး၊ မြတ်စွာဘုရားမှာ ဣဿာတို့, မစ္ဆရိယတို့ ဆိုတာ အရိပ်အရောင်ကလေးတောင် မရှိဘူး။

ကျန်တဲ့ပုဂ္ဂိုလ်တွေမှာ ရှိတတ်သေးတယ်တဲ့၊ ရဟန္တာဖြစ်သွားတာတောင် အရိပ်အရောင် ရှိသေးတယ်၊ အရိပ်အရောင်ဆိုတာ ဝါသနာကို ပြောတာနော်၊ ဝါသနာရဲ့အဓိပ္ပါယ်က ဥပမာ- အရက်ထည့်ထားတဲ့ပုလင်းက အရက်တွေ ကုန်အောင် သွန်ပစ်

လိုက်ပေမယ့် အနံ့ကလေးတော့ ကျန်သေးတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ ကိလေသာတွေ ကုန်အောင် ပယ်သတ်လိုက်ပေမယ့်လို့ အနံ့အသက်ကလေး ကျန်နေတတ်သေးတယ်။

မြတ်စွာဘုရားကျတော့ အဲဒီလို အနံ့အသက်တောင် မကျန်တာ၊ ဝါသနာနဲ့တကွ ကိလေသာကို ပယ်တယ်ဆိုတာ ဘုရားတစ်ပါးပဲ ရှိတယ်၊ ဒါကြောင့်မို့ ဘုရားကျတော့ လုံးဝကြည်ညိုစရာကောင်းတဲ့ အနေအထား၊ လုံးဝဖြူစင်တယ်, လုံးဝစင်ကြယ်တယ်ဆိုတဲ့အနေအထားမျိုး ရောက်တယ်၊ မြတ်စွာဘုရားကျတော့ ကိလေသာတွေဟာ အနံ့အသက်တောင် မကျန်ဘူးတဲ့။

ကျန်တဲ့ပုဂ္ဂိုလ်တွေကျတော့ စရိုက်ကလေးတွေ အနံ့အသက်ကလေးတွေ ရှိနေသေးတယ်၊ ရဟန္တာပုဂ္ဂိုလ် ဖြစ်တောင်မှပဲ အဲဒီစရိုက်ဆိုးလေးတွေက ပါနေသေးတယ်၊ သို့သော် စိတ်ကတော့ စင်ကြယ်သွားပြီ၊ Intentionally action တော့

မလုပ်တော့ဘူး၊ ဒီလိုဆိုလိုတာ၊ "လွှတ်ခနဲ" ပါးစပ်က နှုတ်ကျိုးနေလို့ ပြောချင် ပြောလိုက်မယ်။

အရှင်ပိလိန္ဒဝစ္ဆဆိုတာ ရှိတယ်၊ လူ့ဘဝတုန်းက သူက ဝိဇ္ဇာမိုရ်ကြီး၊ ဂန္ဓာရီဝိဇ္ဇာလိုင်းကို လိုက်တာ၊ ဖိုထိုးတာတော့ မဟုတ်ဘူး၊ မန္တာန်နဲ့ အလုပ်, လုပ်တာ၊ သူက ဘယ်လောက် အစွမ်းတန်ခိုးထက်တုန်းဆိုတော့ သူများစိတ်ကို သိတယ်၊ သူများအတွေးကို ဖတ်နိုင်တယ်၊ "မင်း, ဒါတွေ တွေးနေတာ မဟုတ်လား၊ ဒီလာတုန်းက မင်း, ဒါတွေ ကြံနေတာပဲ၊ အခု ဒါတွေတွေးနေတယ်" ဆိုတာ သူက ဖတ်နိုင်တယ်၊ အဲဒီလို သူများစိတ်ကို သိတယ်၊ အဲဒီသိနိုင်တဲ့အတတ်ပညာ သူ့မှာ ရှိတယ်၊ နောက်တစ်ခုကဘာတုန်းဆိုတော့ သူလိုအပ်လို့ရှိရင် ကောင်းကင်ကို ပျံနိုင်တယ်၊ အဲဒီအစွမ်းတန်ခိုးနှစ်ခုကို အဲဒီဝိဇ္ဇာမိုရ်ကြီးက ရထားတာ။

မြတ်စွာဘုရားကြွလာတဲ့အခါကျတော့ သူ့ရဲ့အတတ်ပညာတွေ အသုံးချလို့ မရတော့ဘူး၊ ဘုရား

ရဲ့နယ်မြေထဲလည်း ရောက်လာရော သူများစိတ်လည်း သူမသိတော့ဘူး၊ သူ့အတတ်ပညာတွေက မထိရောက်တော့ဘူး၊ လောကီပညာရပ်ဟာ အကန့်အသတ်ရှိတယ်၊ နေရာတိုင်းမှာ အစွမ်းမထက်ဘူး။

ဒီပြင်ဟာ မပြောနဲ့၊ ဈာန်အဘိညာဉ်တောင်မှပဲ တစ်ခါတစ်ခါ ကိလေသာတွေက လွှမ်းမိုးတတ်တယ်၊ ရသေ့ကြီးဈာန်လျှောတယ်ဆိုတာ ကြားဖူးမှာပေါ့နော်၊ ဈာန်တန်ခိုးနဲ့ နေပေမယ်လို့ ကိလေသာရဲ့စွမ်းအားကို သူ မတားနိုင်ဘူး၊ မတားနိုင်သည့်အတွက်ကြောင့် ရင်ထဲက ကိလေသာထွက်လာတာနဲ့ ဈာန်လျှောကျသွားတာနော်၊ မလျှောနိုင်တာမပျက်တာကတော့ လောကုတ္တရာဈာန်ပါပဲတဲ့၊ လောကုတ္တရာမဂ်ဖိုလ်ရရင် မလျှောတော့ဘူး၊ မပျက်တော့ဘူး၊ လျှောရင် ပျက်ရင် လောကုတ္တရာမဟုတ်ဘူးတဲ့။

ငယ်ငယ်တုန်းက သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ သန်လျင်ဘက်မှာ ရဟန္တာပူဇော်ပွဲဆိုပြီး

တော့ ကြေငြာတယ်၊ အမျိုးသမီးတွေလည်း ပါတယ်၊ အမျိုးသားတွေလည်း ပါတယ်၊ နောက်တော့ အဲဒီရဟန္တာတွေက လူထွက် အိမ်ထောင်ကျကုန်တယ်၊ လျောကုန်တာနော်၊ အဲဒါမျိုးတွေလည်း ရှိတတ်တယ်၊ မဟုတ်ဘူးဆိုရင်တော့ လျောမှာပဲ။

အဲဒီတော့ ခုနက ဝိဇ္ဇာကြီးဟာ သူ့အတတ်ပညာတွေ အသုံးချလို့ မရတော့ဘူး၊ အဲဒီတော့ သူက ကြားဖူးတယ်၊ မဟာဂန္ဓာရီဝိဇ္ဇာတစ်ဦးရဲ့ နယ်မြေမှာ စူဠဂန္ဓာရီဝိဇ္ဇာ အစွမ်းမထက်တော့ဘူး၊ အရှုံးပေးရမယ်ဆိုတာ သူက သိနေတော့ "ဂေါတမဘုရားဟာ မဟာဂန္ဓာရီဝိဇ္ဇာကြီး ဖြစ်မယ်၊ သူ့ဆီမှာ ပညာသင်မယ်"ဆိုတဲ့ရည်ရွယ်ချက်နဲ့ သာသနာ့ဘောင်ဝင်တာ၊ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပြပေးပြီးတော့ တရားအားထုတ်ခိုင်းလိုက်တာ သူ ရဟန္တာ ဖြစ်သွားတယ်။

အဲဒီပိလိန္ဒဝစ္ဆရဟန္တာကြီးဆိုတာ အစွမ်းတန်ခိုးအင်မတန်မှ ထက်တယ်၊ လူ့ဘဝတုန်းက ဝိဇ္ဇာမိုရ်

ကြီး၊ သူ့မှာ နှုတ်ကျိုးနေတာတစ်ခု ရှိတယ်၊ လူမြင်လို့ရှိရင် 'ပါပိမ'လို့ ခေါ်လေ့ ရှိတယ်၊ ပါပိမဆိုတာ "မကောင်းတာလုပ်သူ"လို့ အဓိပ္ပါယ် ရတယ်၊ သူယုတ်မာပေါ့၊ မကောင်းမှုရှိသူကို ပါပိမ၊ မကောင်းတာလုပ်တဲ့သူ, လူဆိုးလို့ ခေါ်တယ်ပေါ့။ (အခုခေတ်လည်း ချစ်စနိုးနဲ့ခေါ်တာ ရှိတယ်၊ 'လူဆိုး, လူဆိုး'နဲ့ ဟုတ်လား) အဲဒီလို သူကလည်း နှုတ်ကျိုးနေတယ်၊ 'လူဆိုး, လူယုတ်မာ'နဲ့ ခေါ်လေ့ရှိတယ်။

အဲဒီတော့ ဒါကို သင်ခန်းစာယူပြီး ကိုယ့်ဘဝမှာ မကောင်းတဲ့နှုတ်တွေ ကျိုးမနေအောင် ပြင်ဖို့လိုတာပေါ့၊ နှုတ်မကျိုးစေနဲ့၊ ကျိုးနေရင် အခုဘဝထဲက ပြင်၊ မပြင်လို့ရှိရင် သံသရာမှာ နှုတ်ကျိုးသွားလိမ့်မယ်နော်၊ စရိုက်ဆိုးတွေနဲ့ နှုတ်မကျိုးစေနဲ့၊ နှုတ်လည်း မကျိုးစေနဲ့၊ အမူအရာလည်း မကျိုးစေနဲ့၊ အမူအရာကျိုး, နှုတ်ကျိုးသွားလို့ရှိရင် သွားပြီ၊ ရဟန္တာဖြစ်တဲ့ဘဝတောင်မှ နှုတ်ကျိုးနေရင် မဖျောက်နိုင်တော့ဘူး။

မြတ်စွာဘုရားကျတော့ အဲဒီလို နှုတ်ကျိုးတာ မရှိဘူး၊ စကားတစ်ခုပြောပြီဆိုလို့ရှိရင် သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ မြတ်စွာဘုရားက စကားပြောမယ်ဆိုရင် ဘုရားရဲ့ပါးစပ်က 'လွှတ်ခနဲ' ထွက်သွားမျိုး မရှိဘူး၊ ဒီစကားပြောသင့်လို့ ပြောတာ၊ ပြန်ပြင်စရာမရှိဘူး၊ စကားပြောပြီးမှ ပြန်ပြင်တယ်ဆိုတဲ့လူက အမှတ်တမဲ့ပြောလို့၊ ပြီးမှ မှားမှန်း သိလို့ ပြင်တာလေ၊ မြတ်စွာဘုရားမှာ စကားမှားလို့ ပြန်ပြင်ရတယ်ဆိုတာ ရှိကို မရှိဘူး၊ အဲဒီတော့ ကိုယ်ကိုယ်တိုင်က သိသိချည်းနဲ့ မမှားမိအောင်တော့ ကြိုးစားရမှာပဲ၊ ဘုရားလည်း ဒီလိုပါပဲ၊ ပါရမီပြည့် ပြီးလို့ ကြိုးစားလာလို့ နောက်ဆုံးမှာ စကားလုံးဟာ အမှားမရှိဘူး။

ရှင်ရာဟုလာကို ဆုံးမတဲ့အခါ **"ရာဟုလာ- ပြောတော့မယ်ဆိုရင် မပြောမီက စဉ်းစား၊ ပြော နေတုန်း စဉ်းစား၊ ပြောပြီး စဉ်းစား၊ အဲဒီလို စဉ်းစားပြောရင် ဘယ်တော့မှ မမှားဘူး"** တဲ့နော်၊

အဲဒီအလေ့အကျင့်လေး လုပ်ထားလို့ရှိရင် ကိုယ် ပြောတဲ့စကားဟာ အမှားမရှိနိုင်ဘူး။

'စဉ်းစား' ဆိုတာ ဘယ်လိုစဉ်းစားရမှာလဲ၊ "ငါပြောတဲ့စကားသည် ငါ့ကို ထိခိုက်သလား? ပတ်ဝန်းကျင်ကို ထိခိုက်သလား? ကောင်းကျိုး ချမ်းသာတွေကို ဖြစ်စေတာလား? ဆိုးကျိုးကို ဖြစ်စေတာလား?"လို့ စဉ်းစားရမယ်၊ အဲဒီစံနဲ့ စဉ်းစား။

'မပြောခင်က စဉ်းစား'တဲ့၊ တစ်ခါစဉ်းစား မယ်၊ 'ပြောနေတုန်းလည်း ထပ်ပြီး စဉ်းစား'၊ 'ပြောပြီးတော့လည်း ထပ်စဉ်းစား' တဲ့၊ အဲဒီလို ၃-ကြိမ်, ၃-ခါ စကားအရာမှာ စဉ်းစားမှုတွေနဲ့ လွှမ်းခြုံ ထားမယ်ဆိုရင် အမှားဆိုတာ မထွက်တော့ဘူး၊ အဲဒီ နည်းနဲ့ နှုတ်မကျိုးအောင် ပြင်ဆင်ထားဖို့ လိုအပ် တာပေါ့နော်။

တစ်ခါတစ်ရံ အရေးမကြီးဘူးထင်ရတဲ့ ကိစ္စ မျိုးမှာတောင် သတိထားစရာတွေ အများကြီးရှိတယ်၊

အကုသိုလ်မှ အကျိုးပေးတာ မဟုတ်ဘူး၊ အကုသိုလ်လို့ မပြောပလောက်တဲ့အရာကလည်း ဝင်ပြီး အကျိုးပေးချင် ပေးနေတတ်တယ်။

အဲဒါနဲ့ ပတ်သက်ပြီး သတိရလို့ ပြောရဦးမယ်နော်၊ စာအုပ်လေးတစ်အုပ် ဖတ်ဖူးတဲ့အထဲမယ် လူတစ်ယောက်ဟာ နားမကြားဘူး၊ နားလေးနေတယ်၊ ဘာဖြစ်လို့ ဒီလူ ဒီရောဂါဖြစ်တာလဲ? ဘာဖြစ်လို့ ဒီနားရောဂါဖြစ်ရသလဲဆိုတော့ ဟိုဘဝတုန်းကတဲ့, အလှူခံလာတာကို မကြားချင်ယောင်ဆောင်နေလို့ ဖြစ်တာတဲ့၊ ကဲ အဲဒီတော့ ကိုယ်လှူနိုင်သလောက်တော့ နည်းနည်းလေးဖြစ်ဖြစ် လှူလိုက်၊ မကြားချင်ယောင်တော့ မဆောင်နဲ့တဲ့၊ နားလေးတတ်တယ်တဲ့၊ အဲဒါ ဘုရားဟောတာတော့ မဟုတ်ဘူး။

Many Mansions ဆိုတဲ့ စာအုပ်ကို ချမ်းမြေ့ဆရာတော်ကြီးက **"အနောက်တိုင်းမှ ဘဝပြဿနာ"** အမည်နဲ့ ဘာသာပြန်ထားတဲ့ စာအုပ်လေးတစ်အုပ်

ရှိတယ်၊ အဲဒီစာအုပ်လေးကို ဖတ်ကြည့်၊ ဒေါက်တာဂီနာစာမီနရာရေးတာ၊ အဲဒီစာအုပ်ဖတ်ကြည့်လို့ရှိရင် ကံအကြောင်းတွေ တွေ့ရလိမ့်မယ်၊ သူတို့က ကံယုံတဲ့သူတွေ မဟုတ်ဘူး၊ အိပ်မွေ့ချပြီးတော့ ရောဂါကုတာ၊ အဲဒီအိပ်မွေ့ချတဲ့အချိန်မှာ သူမြင်တာတွေ ပြောတာ၊ သူ့စိတ်ထဲမှာ ပေါ်တာတွေ ပြောတာ၊ သူက သိလို့ ပြောတာ မဟုတ်ဘူး၊ အိပ်မွေ့ချတဲ့အချိန်အတွင်းမှာ ဘေးကလူက မေးတာ "ဒီလူ ဘာကြောင့် ဒီရောဂါဖြစ်တာတုန်း" ဆိုတော့ - သူပြောတာက, "တစ်ချိန်တုန်းကတဲ့ အလျှုခံလာတာကို မကြားချင်ယောင်ဆောင်နေလို့ ဖြစ်ရတာ"လို့ ပြောတယ်။

အဲဒီတော့ ဒီစာအမိပ္ပါယ်ရှိရဲ့လား၊ အကုသိုလ် မဟုတ်ဘဲနဲ့ အကျိုးပေးတာ ဖြစ်နိုင်ရဲ့လားဆိုရင် ဖြစ်နိုင်တယ်၊ မြတ်စွာဘုရားဟောတဲ့သုတ္တန်တစ်ခု ရှိတယ်၊ ဝဏိဇ္ဇသုတ်လို့ ခေါ်တယ်၊ အဲဒီသုတ်ကို ကြည့်ရင်တော့ သူပြောတာ ဖြစ်နိုင်တယ်နော်။

ဝဏိဇ္ဇသုတ်မှာ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို မေးလျှောက်တယ်၊ ကုန်ရောင်း ကုန်ဝယ်ကိစ္စတွေနဲ့ ပတ်သက်တယ်ပေါ့၊ မင်္ဂလာဈေး ဆိုတော့ အရောင်းအဝယ်လုပ်နေကြတာ၊ အဲဒါ သတိထားစရာပေါ့နော်၊ ပစ္စည်းကို အရောင်းအဝယ် လုပ်တဲ့အခါမှာ လေးမျိုးလေးစားကွဲသွားတယ်တဲ့။

(၁) တစ်ယောက်က ရောင်းအဝယ်လုပ်တာ အရှုံးပေါ်တယ်၊ (၂) နောက်တစ်ဦးကတော့ ထင် သလောက် မရဘူး၊ မမြတ်ဘူး၊ ထင်သလောက် ဖြစ် မလာဘူး၊ (၃) နောက်တစ်ယောက်ကျတော့ မှန်း ထားတဲ့အတိုင်း ရတယ်တဲ့၊ (၄) နောက်တစ်ယောက် ကျတော့ မှန်းတာထက် ပိုရတယ်တဲ့။

ဒီပစ္စည်းတစ်ခုတည်းကိုပဲ အရောင်းအဝယ် လုပ်တာနော်၊ အဲဒီလို ပစ္စည်းတစ်မျိုးတည်းမှာ အရောင်းအဝယ်လုပ်တာ လူ ၄-ယောက် ဘာဖြစ် လို့ ဒီလို ဖြစ်ရသလဲ?

ပစ္စုပ္ပန်အကြောင်းတော့ ရှိချင် ရှိမယ်၊ မြတ်စွာဘုရားက ပစ္စုပ္ပန်အကြောင်းကို မဖြေဘူး၊ ကံနဲ့ဆက်စပ်ပြီး ဖြေတာ၊ အဲဒါ **အင်္ဂုတ္တရနိကာယ် ဝဏိဇ္ဇသုတ်**မှာ ပါတယ်၊ **ဝဏိဇ္ဇ**ဆိုတာ ကုန်သွယ်မှု ဆိုတဲ့အဓိပ္ပါယ် ရတယ်၊ ကုန်ရောင်းကုန်ဝယ်မှု၊ အဲဒီမှာ ဖြေထားတာတွေ သတိထားစရာလေးပေါ့။

ပုဂ္ဂိုလ်တစ်ယောက်ဟာ ကုန်ပစ္စည်းကို ရောင်းတယ်တဲ့၊ ပျက်တယ် ရှုံးတယ်၊ ဘာဖြစ်လို့လဲ? သူဟာ သံသရာမှာ ကျင်လည်ခဲ့တုန်းက သူတော်စင်တစ်ဦးဦးကို ချဉ်းကပ်ပြီး **"အရှင်ဘုရား လိုတာရှိရင် အမိန့်ရှိပါ"**ဆိုပြီးတော့ ဖိတ်ကြားတယ်၊ ဖိတ်ကြားပေမယ့် လိုတဲ့အခါကျတော့ မလှူဘူးတဲ့၊ အဲဒီလို မလှူလို့ ဖြစ်တာတဲ့။

ကဲ ခုနက မကြားချင်ယောင်ဆောင်တာမျိုး ဖြစ်နေပြီ၊ မလှူတာ အကုသိုလ်တော့ မဟုတ်ဘူးနော်၊ ကံတရားဟာ ဆန်းကြယ်တယ်ဆိုတဲ့အကြောင်း ပြောတာ၊ ကိုယ်လုပ်တာဟာ အကောင်းအဆိုး

အကုန်တွက်လို့ ရအောင်နော်၊ အကုသိုလ်ဖြစ်မှလို့ မဟုတ်ဘူး၊ ဒီဟာလည်း ကြည့် - မဖြည့်ဆည်းဘူး၊ ကိုယ်ပြောတဲ့အတိုင်း ဖြည့်ဆည်းမှု မလုပ်ဘူး၊ ဒါကြောင့် ရှုံးတာ၊ ဒါက ဘုရားဖြေထားတဲ့စကားနော်၊ သူက ကုန်သွယ်လုပ်ငန်းလုပ်တဲ့အခါကျတော့ ပျက်စီးတယ်၊ မအောင်မြင်ဘူးတဲ့၊ ဘာဖြစ်လို့တုန်း၊ သူ့ကတိအတိုင်း မတည်ခဲ့လို့ပေါ့၊ ဒါက တစ်ခု။

နောက်တစ်ယောက်ကျတော့ သူလည်း ဒီလိုပဲ ဖိတ်မန်ထားတယ်၊ သို့သော် ယထာဓိပ္ပါယ - လိုသလောက်ကို သူက မဖြည့်ဆည်းဘူးတဲ့၊ ဒါကြောင့်မို့ သူထင်သလောက် အမြတ်မရဘူးတဲ့၊ ကြည့် - ဆက်စပ်နေပုံလေးတွေကို ပြောတာ၊ လူဆိုတာ ကံနဲ့ချည်းပဲဆိုတော့ ဒီဟာ တကယ်မှန်တယ်။

နောက်တစ်ယောက်ကျတော့ လိုချင်တဲ့ အတိုင်း ရတယ်တဲ့၊ လိုချင်တဲ့အတိုင်း ဖြစ်တယ်၊ သူက ဝန်ခံထားတဲ့အတိုင်း လိုသလောက်ဖြည့်ဆည်း

လှူဒါန်းပေးတယ်၊ ဒါကြောင့် သူက လိုချင်တဲ့အတိုင်း ရတယ်တဲ့။

နောက်တစ်ယောက်ကျတော့ လိုတာထက် ပိုပြီးတော့ သူက ဖြည့်ဆည်းလှူဒါန်းတယ်တဲ့၊ ဒါကြောင့်မို့ လိုတာထက် ပိုရတယ်တဲ့၊ တကယ် စဉ်းစားကြည့်ရင်၊ ဒီ ၄-ယောက်ဟာ ဘယ်လိုလုပ် အတူတူဖြစ်နိုင်မှာတုန်း? မဖြစ်နိုင်ဘူးပေါ့၊ သူတို့ ၄-ယောက်ရဲ့ လုပ်ရပ်ချင်းဟာ တူမှ မတူတာကိုး၊ တစ်ယောက်က လုံးဝကတိပျက်တယ်၊ တစ်ယောက်က ကတိရဲ့တစ်ဝက်လောက်ပဲ လုပ်တယ်၊ တစ်ယောက်ကျတော့ ကတိအတိုင်း လုပ်တယ်၊ ဟိုတစ်ယောက်ကျတော့ ကတိပေးတာထက် ပိုလုပ်တယ်ဆိုတော့ ဒီ ၄-ယောက်ကို အတူထားမယ် ဆိုရင်တော့လည်း "နွားထီးငါးကျပ် နွားမငါးကျပ်" ဖြစ်တော့မယ်ပေါ့။

အဲဒီလို ကံတရားဟာ မတူဘူးဆိုတာ သတိထားဖို့ လိုတယ်လို့ ပြောရမှာပေါ့နော်၊ အဲဒီတော့

ဒီဘဝမှာ လုပ်စရာတွေ အများကြီးရှိတယ်၊ ကုသိုလ် ကောင်းမှုလုပ်ကြတာ မှန်တယ်၊ လုပ်ကြတယ်၊ အရေးကြီးတာက ကုသိုလ်ကောင်းမှုလည်း လုပ်၊ စရိုက်ဆိုးတွေလည်း ပြင်၊ နှုတ်မကျိုးစေနဲ့နော်၊ ကိုယ်အမူအရာ အချိုးကျပါစေပေါ့၊ နောက်ဆုံး မျက်နှာအမူအရာကစပြီးတော့ ပြုံးမရ ရယ်မရတဲ့ မျက်နှာမျိုး မဖြစ်အောင် သတိထားရမယ်၊ တစ်ချို့ တကယ့်ကို ဘယ်လိုမှ ပြုံးမရတဲ့မျက်နှာမျိုး ရှိသေး တယ်၊ ဇီးကွက်မျက်နှာမျိုးလို၊ ဘယ်ပြုံးရမလဲနော်၊ ဘယ်လိုမှ ပြုံးမရတဲ့မျက်နှာမျိုး၊ အဲဒါမျိုး မဖြစ်စေ နဲ့နော်။

မေတ္တာနှလုံးသားနဲ့ သူများကို အကျိုးစီးပွါး လိုလားတဲ့စိတ် မွေးတာက ပိုက်ဆံလည်း မကုန်ဘူး နော်၊ ကုန်ကျစရိတ် ဘာမှမရှိဘူး၊ မေတ္တာထားနိုင်လို့ ရှိရင် အများကြီးကုသိုလ်ဖြစ်တယ်၊ အဲဒီစိတ်ကလေး တောင် မထားနိုင်ဘူးဆိုရင် ဖြစ်လေရာဘဝမှာ အတွန့်တွေအတက်တွေ မျက်နှာမှာ ပေါ်နေမှာပဲ၊

စိတ်ထဲက အတွန့်အတက်များရင် မျက်နှာမှာလည်း အတွန့်အတက်တွေ ဖြစ်ကုန်မှာပဲ။

မြတ်စွာဘုရားရဲ့အဆုံးအမကို Mind Centred Teaching လို့ ခေါ်တယ်၊ စိတ်ကို ဗဟိုပြုပြီး ဆုံးမတာ၊ အဲဒါကို သတိထားဖို့နော်၊ အရာရာကို စိတ်ခာတ်နဲ့ တိုင်းတာရတယ်၊ စိတ်ကောင်းနှလုံးကောင်း မွေးမြူရာမှာ ဒါ အရေးကြီးတယ်၊ ဘယ်သူ့အပေါ် ဖြစ်ဖြစ် စိတ်ကောင်းနှလုံးကောင်း ထားရမယ်၊ လူတွေက စိတ်ကောင်းနှလုံးကောင်းထားရင် အရှုံးပေးတယ်လို့ ထင်နေကြတယ်၊ အဲဒါကိုက အထင်မှားနေကြတာ၊ မိစ္ဆာဒိဋ္ဌိပဲနော်။

အဲဒီမိစ္ဆာဒိဋ္ဌိကို အကြောင်းပြုပြီး ဆိုးကျိုးတွေ ဖြစ်တယ်၊ မိစ္ဆာဒိဋ္ဌိအခေါ်ခံရတယ်လို့ ကြိုက်ချင်မှ ကြိုက်မှာ၊ မှားတာကို မြင်နေရင် မိစ္ဆာဒိဋ္ဌိပဲလေ၊ ဘာကိစ္စပဲဖြစ်ဖြစ် အယာထာဝဒိဋ္ဌိ- မမှန်မကန် မြင်တာ၊ အမှန်ကို မမှန်ဘူးလို့ မြင်တာ မိစ္ဆာဒိဋ္ဌိပဲ၊ ဘုရားဟောတဲ့မိစ္ဆာဒိဋ္ဌိဆိုတာ အဲဒါ ပြောတာနော်၊

အဲဒီတော့ မှန်မှန်ကန်ကန်မြင်ပြီး ကိုယ့်ကို ကိုယ် ဆင်ခြင်သုံးသပ်ရမယ်၊ ကိုယ့်ကို ကိုယ် အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်နိုင်ဖို့ မြတ်စွာဘုရားရဲ့အဆုံးအမ ကို ရဖို့ လိုတယ်၊ ရဖို့ ဆိုတာ သာသနာနဲ့ကြုံမှသာ ရတာလေ၊ အင်မတန်မှ ခဲယဉ်းတယ်၊ မမျှော်မှန်း နိုင်လောက်အောင် ခဲယဉ်းတာနော်၊ မတော်တဆ ရနေတာကို အဟုတ်ကြီးထင်နေလို့ရှိရင်တော့ အခါ ကောင်းတွေ လွတ်သွားမှာပဲ၊ ဒါက သေချာတယ်၊ အမြတ်တမ်း အမှန်တရားဆိုတာ သိခွင့်ရတာ မဟုတ် ဘူး။

ဘုရားပွင့်တဲ့အချိန်တောင် တကယ့်ကို လက် တစ်ဆုပ်စာလူလေးတွေသာ အမှန်တရားကို သိခွင့်ရ တာ၊ ကံကောင်းလွန်းလို့ အမှန်တရား သိခွင့်ရတာ၊ ပြောမယ်ဆိုရင် ကမ္ဘာ့လူသားတွေထဲက အလွန်သေး ငယ်တဲ့ အပြောက်အစက်ကလေးကသာ ဘုရားရဲ့ အဆုံးအမကို ရကြတာ၊ ဦးရေများပြားလှတဲ့လူသား

တွေဟာ ဒီအဆုံးအမကို မရကြဘူးဆိုတာ သေချာတယ်။

အလေးအနက်စဉ်းစားကြည့် - သူတို့က ဘယ်လိုအဆုံးအမတွေ ရတုန်း၊ လုပ်ချင်တာ လုပ်၊ ဘုရားရှေ့မှာ ဒူးထောက်လိုက်လို့ရှိရင် အကုန်လုံး ပြည့်စုံတယ်နော်၊ တိရစ္ဆာန်ဆိုတာ မိုးကျောပေးထားတဲ့သတ္တဝါတွေ ဖြစ်တယ်၊ လူတွေစားဖို့ ဖန်ဆင်းပေးတာဆိုတဲ့အတွေးတွေနော်၊ သတ်ပြီးတော့ ဘုရားကို ပူဇော်တယ်ဆိုရင် အမြတ်ဆုံးပဲဆိုတဲ့ အတွေးဟာ အတော့်ကို ကြောက်စရာကောင်းတဲ့အတွေးပဲ၊ ဒီအဆုံးအမအတိုင်း လိုက်နာရင်တော့ တွေးဝံ့စရာတောင် မရှိဘူး၊ ဘဝဖြစ်တိုင်း ဇက်ပြတ်သေရတာ၊ ဒါ အတိတ်ဘဝတုန်းက လုပ်ခဲ့တဲ့လူတွေပဲ ဖြစ်မှာနော်။

တစ်ခါတစ်ခါ စဉ်းစားကြည့်မိတယ်၊ လမ်းသွားတဲ့အခါမှာ ကြက်တွေကို ခြေထောက်တွေမှာ စုချည်ပြီး ဇောက်ထိုးဆွဲသွားတာ၊ အရှင်တွေပဲနော်၊

ဒါက "ပြုသူအသစ်၊ ဖြစ်သူအဟောင်း" ဆိုတဲ့ အတိုင်း သူတို့ တစ်ချိန်က သူများကို အဲဒီလို ဆွဲခဲ့ တာ ဖြစ်လောက်တယ်၊ အခု သူတို့အလှည့် ရောက် နေပြီ၊ အတုံ့အလှည့်ဆိုတာ လာတာပဲ၊ မရဘူးနော်။

မေးခွန်းထုတ်ဖို့ ကောင်းတယ်၊ ဆိုင်တွေ ဆိုင် တွေမှာ ရေးထားတာ "ဘယ်သူ့အလှည့်လဲဟေ့"လို့၊ အဲဒီတော့ ကိုယ်က ကောင်းတာတွေချည်းပဲ လုပ် ထားလို့ရှိရင် ကောင်းတာတွေက ကိုယ့်အလှည့်ချည်း ပဲ ဖြစ်မှာပေါ့၊ မကောင်းတာ လုပ်ထားလို့ရှိရင်တော့ ကိုယ့်အလှည့် လာလိမ့်မယ်နော်။

အကုသိုလ်တွေရဲ့အကျိုးခံစားရမယ့်အလှည့် ဟာ ကြောက်စရာကောင်းမယ့်အလှည့်ပဲ၊ ခံနေရ တဲ့သူက အဟောင်းခံရတယ်လို့ မှတ်၊ လုပ်တဲ့သူက သာ အသစ်လုပ်နေတာ၊ လာလိမ့်မယ်, အလှည့် ဆိုတာ ရောက်လာမှာပဲ၊ ကိုယ့်အလှည့် သူ့အလှည့် ဆိုတာ ရှိတယ်လေ၊ အဲဒါကြောင့်မို့ "ဒီဘဝမှာ စရိုက် ဆိုးတွေ နှုတ်ကျိုးနေတာတွေ ဒါတွေကို ဖယ်ရှားပြီး

တော့ အကောင်းဆုံးဖြစ်အောင် တို့တစ်တွေ ကြိုးစားရမယ်"လို့ ဒီလို ပြောတာနော်။

အခုလို ကုသိုလ်ကောင်းမှု အတူတူပြုကြတယ်၊ ပြုဖော်ပြုဖက်တွေနဲ့ ကုသိုလ်ကောင်းမှုလုပ်တယ်၊ သံဃာတော်တွေကို ဆွမ်းကပ်မယ်ဆိုတဲ့ ဆန္ဒ၊ သံဃိကဒါနအလှူကို လှူမယ်ဆိုတဲ့ ဆန္ဒတွေကို စုလိုက်ပြီးတော့ အတူတကွလုပ်ကြတယ်၊ ဒီအချိန်မှာ စေတနာတွေက တူတယ်၊ စေတနာတူသည့်အတွက်ကြောင့် ဖြစ်လေရာဘဝမှာ အတူတူအကျိုးပေးတတ်တယ်ပေါ့၊ အဲဒီလို အတူတူအကျိုးပေးတဲ့အထဲမယ် ဆန္ဒ ဝီရိယ စိတ္တ ဝီမံသလို့ဆိုတဲ့ အဓိပတိတပ်တဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ ထူးချွန်သွားမှာပဲ၊ အလတ်တန်းစားရှိတဲ့ပုဂ္ဂိုလ်က အလတ်တန်းစားဖြစ်မှာပဲ၊ ညံ့နေတဲ့ပုဂ္ဂိုလ်က အညံ့ထဲမှာ ပါမှာပဲ။

အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှုအတူလုပ်ခဲ့ကြသည့်အတွက်ကြောင့် အခုမင်္ဂလာဈေးမှာ အတူတူဈေးရောင်းကြရတာနော်၊ မွေးတာက မင်္ဂလာ

ဈေးမှာ မဟုတ်ဘူး၊ ဒါပေမယ့် လာပြီး အလုပ်လုပ်ကြ တော့ အတူတူဖြစ်နေကြတယ်၊ ဒါကြောင့်မို့ အခု လည်း ကုသိုလ်ကောင်းမှု အတူတူလုပ်ကြတော့ နောင်ဘဝလည်း အတူတူဖြစ်ကြရဦးမှာပဲ၊ အတူတူ ဖြစ်ဖို့ သေချာနေတယ်၊ မှတ်မိတာ မမှတ်မိတာက တော့ တခြားပေါ့၊ မမှတ်မိဖို့ကတော့ များတာပေါ့ နော်။

သာသနာမှာ ပထမဆုံး ဘိက္ခုနီဝတ်ခွင့်ရတာ **မိထွေးတော်ဂေါတမီ၊** သူနဲ့အတူပါလာတာက သာကီဝင်မိဖုရားငါးရာ၊ မိထွေးတော်ဂေါတမီအမှူး ပြုတဲ့ မိဖုရားငါးရာဟာ ကုသိုလ်ကောင်းမှုလုပ်လာ ကြတုန်းကလည်း အတူတူလုပ်လာကြတာ၊ အတူတူ လုပ်လို့လည်း ဘဝမှာ အတူတူဖြစ်ကြတယ်၊ အမှန် ကတော့ သူတို့ဟာ တစ်အိမ်ထောင်စီ နေကြတာ၊ နောက်တော့ ပေါင်းမိသွားကြတယ်၊ ဘိက္ခုနီဝတ်တဲ့ အခါ အတူတူဖြစ်သွားကြတယ်။

ဆိုလိုတာက သံသရာမှာ ခရီးသွားလည်း အတူတူ၊ ကုသိုလ်ကောင်းမှုလုပ်လည်း အတူတူပဲ၊ စုန်ချည်ဆန်ချည်ဖြစ်တတ်တယ်၊ ဘာဖြစ်လို့ ဒီလို တူရသလဲဆိုတော့ ခုနက စေတနာတူ ဆန္ဒတူ ပေါင်းပြီးတော့ ကုသိုလ်တစ်ခုကို ဦးတည်ပြီး လုပ်ကြလို့၊ ဒါကြောင့်မို့ တူကြတာတဲ့။

မကောင်းမှုလုပ်တဲ့သူတွေကလည်း အဲဒီလို တူတတ်တယ်၊ သာကီဝင်မင်းတွေ ဝိဋူဍဘက ကျူးကျော်တိုက်ခိုက်တဲ့စစ်ပွဲမှာ အများကြီးအသတ်ခံလိုက်ရတယ်၊ အဲဒီလို အသတ်ခံလိုက်ရတာ ဘာလုပ်ခဲ့လို့တုန်းဆိုတော့ တစ်ခါတုန်းက မြစ်ထဲ အဆိပ်ခတ်ပြီး သူများတွေ သေအောင် လုပ်ခဲ့ကြတယ်တဲ့၊ အဆိပ်ခတ် သတ်ခဲ့ကြတဲ့သူတွေပေါ့၊ အဲဒါကြောင့်မို့ သေတော့လည်း အတူတူသေကြတာ၊ ကံတရားဆိုတာ တော်တော်ကြောက်စရာကောင်းတယ်နော်။

ကောင်းတဲ့အလုပ်မှာ အတူတူလုပ်ရင် ကောင်းတဲ့အကျိုးတွေ အတူတူခံစားကြရတယ်၊ မကောင်း

တဲ့အလုပ်တွေမှာ အတူတူလုပ်ရင် မကောင်းတဲ့ အကျိုးတွေကို အတူတူခံစားကြရတယ်တဲ့၊ ကံရဲ့ သဘောဟာ နိယာမချည်းပဲ၊ The Law of Kamma (ကမ္မနိယာမ)အရ ဖြစ်တာ၊ ဘယ်သူကမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ ဖြစ်သွားတဲ့အရာ တစ်ခုဟာ အကျိုးပေးရင် ကိုယ့်ပဲ ပေးမှာပေါ့၊ စိတ်ထဲမှာ ဖြစ်တာကိုး။

ရုပ်မှာဖြစ်တာကျ လူတွေက ကြောက်တယ်လေ၊ HIV Positive ဆိုရင် ကြောက်နေပြီနော်၊ စီပိုး, ဘီပိုး, အေပိုး Positive ဆို ကြောက်နေတယ်၊ သံသရာကပါလာတဲ့ လောဘ, ဒေါသ Positive တွေကျတော့ မကြောက်ကြဘူး၊ အဲဒီလောဘ ဒေါသကမှ ကြောက်စရာကောင်းတာ၊ အဲဒါ positive ဖြစ်နေတာ၊ အဲဒါတွေကို negative ဖြစ်အောင် လုပ်ရမယ်၊ မဖြစ်သေးတောင်မှ Non Activate ဖြစ်အောင် လုပ်ထားဖို့ လိုတယ်နော်၊ နှိမ်ထားရမယ်၊ ဘာနဲ့ နှိမ်ရမလဲ၊ ဒါနနဲ့ နှိမ်ရမယ်၊ သီလနဲ့ နှိမ်ရ

မယ်၊ ဘာဝနာနဲ့ နှိမ်ရမယ်၊ အဲဒီအလုပ်ကို လုပ်ထားလို့ရှိရင် သူက activate မဖြစ်တော့ဘူး၊ Negative ဖြစ်အောင်ကတော့ ဘယ်ကျတော့မှ ဖြစ်မလဲဆိုရင် ရဟန္တာဖြစ်မှ Negative ဖြစ်မှာ။

ရဟန္တာဖြစ်ဖို့ကျတော့ အရင်းအနှီးတွေ အများကြီးပေးရလိမ့်မယ်၊ ပေးရမယ်ဆိုတာက စွန့်လွှတ်မှုတွေ လုပ်ရမယ်၊ အားလုံးစွန့်လွှတ်ပြီး နိဗ္ဗာန်တစ်ခုတည်း ဦးတည်ပြီးတော့ ကျင့်မှ ဖြစ်တယ်၊ ဒါတောင်မှ ရမယ်လို့ အာမခံတာ မဟုတ်ဘူး၊ ရတာ,မရတာ ကိုယ့်တာဝန် မဟုတ်ဘူးနော်၊ ဒီဘဝ မရရင် နောက်ဘဝကျတော့ ကိုယ်ရဖို့ ရှိတာပေါ့။

မြတ်စွာဘုရားက ဟောထားတာ ရှိတယ်၊ "အေး တရားကို ကြိုးကြိုးစားစား အားထုတ်လို့ ရှိရင်"တဲ့ "အခုလောလောဆယ် မရသေးဘူးဆိုတောင် သေခါနီးကျတော့ ရနိုင်တယ်"၊ လူတွေက နောက်ဆုံး last chance မှာ သက်စွန့်ကြိုးပမ်း လုပ်တတ်ကြတယ်၊ "သေမှာပဲ၊ မထူးဘူး" ဆိုပြီး

အစွမ်းကုန် ကြိုးစားတတ်ကြတယ်၊ "အဲဒီ Last Chance မှာ ရဟန္တာဖြစ်နိုင်တယ်"လို့ ဒီလို ဟောတာ။

မဖြစ်လို့ လွဲသွားရင်လည်း ကိစ္စမရှိဘူး၊ နတ်ပြည်ရောက်သွားမယ်၊ နတ်ပြည်ရောက်သွားရင် တရားနာရမယ်၊ ဟိုမှာ ဘုရားပွင့်သွားတာ မကြာသေးဘူး၊ ဘုရားအကြောင်း ပြောကြတုန်းပဲ ရှိဦးမယ်၊ လူ့ပြည်မှာသာ ကြာနေဟာ၊ ကြာနေတော့ ဟိုကျတော့ တရားနာလိုက်ရတာနဲ့ "သြော် - လူ့ပြည်တုန်းက ငါကျင့်လာတဲ့တရားတွေပဲ" ဆိုပြီး ချက်ချင်းသဘောပေါက်တယ်၊ ရဟန္တာဖြစ်နိုင်တယ်တဲ့။

အကယ်၍ ပါရမီက နုနယ်သေးတယ်, မလုံလောက်သေးဘူးဆို ကိစ္စမရှိဘူး ထားလိုက်၊ သံသရာလည်တဲ့အခါမှာ ပစ္စေကဗုဒ္ဓ ဖြစ်နိုင်သေးတယ်တဲ့၊ ဒီလိုဆိုတာပဲနော်၊ ပါရမီပြည့်ပြီးတော့ ပေါ့လေ ပစ္စေကဗုဒ္ဓ ဖြစ်နိုင်တယ်၊ သို့မဟုတ်လို့ရင် ဘုရားပွင့်တာနဲ့ ကြုံတဲ့အခါမှာ ကုသိုလ်ကောင်းမှုတွေ ရပြီး တစ်မဂ်တစ်ဖိုလ် ရသွားနိုင်လို့ ဒီလိုပြောတာ။

အဲဒါကြောင့်မို့ လုပ်တာက ကိုယ့်တာဝန်ပဲ၊ ဖြစ်တာက ကိုယ့်တာဝန် မဟုတ်ဘူး၊ "လုပ်နေခြင်းသည် ကိုယ့်အလုပ်၊ ဖြစ်လာခြင်းသည် သူ့အလုပ်" လို့ ခွဲခြားထားပြီး ကိုယ်လုပ်ရမယ့်အလုပ်ကို ကိုယ်လုပ်မယ်။

ကိုယ်လုပ်ရမယ့်အလုပ်က အခြေခံကနေ စပြီးတော့ ဘာတုန်း? နှုတ်မကျိုးစေနဲ့၊ မကောင်းတဲ့စရိုက်ဆိုးတွေ ပါမလာစေနဲ့၊ စိတ်ထဲမှာ မရှိအောင် ရှင်းထုတ်၊ နှုတ်ထဲမှာ ပါမလာအောင် ရှင်းထုတ်၊ ကိုယ်ထဲမှာ ပါမလာအောင် ရှင်းထုတ်နော်၊ အဲဒီလို ရှင်းထုတ်တာတွေ လုပ်ထားမှ သန့်ရှင်းပြီးတော့ ကြည်လင်တာ ဖြစ်မယ်တဲ့။

ကဲ - အခု ဒါနကောင်းမှုလုပ်တယ်လို့ဆိုတာ ကိုယ့်သန္တာန်မှာဖြစ်တဲ့ လောဘဆိုတဲ့ အညစ်အကြေးတစ်ခုကို ရှင်းထုတ်တဲ့သဘော၊ သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ဒါနကောင်းမှုလို့ ဒီလို ပြောကြတယ်ပေါ့၊ သို့သော် တွယ်တာမှုကို ဖယ်ရှားပစ်တဲ့

သဘောပဲ၊ အဲဒီမှာ စိတ်သဘောထားက တွယ်တာမှုကို ဖယ်ရှားရမယ့်အစား တွယ်တာမှုတစ်ခု ထပ်တိုးလာတတ်တယ်ဆိုတာ သတိထားဦး၊ ဒါနကောင်းမှုလုပ်တဲ့အခါမှာ တွယ်တာမှုကို ဖယ်ရှားတာ ဖြစ်ရမယ်၊ မဖယ်ရှားဘဲနဲ့ "ညောင်စေ့ကလေးလောက် လှူပြီးနောက် ညောင်ပင်ကြီးလောက် ခံစားမယ်" ဆိုတဲ့ အတွေးနဲ့တော့ မလှူနဲ့၊ အဲဒီလို လှူလို့ ရှိရင် ဒီတစ်ခုကို လွှတ်ပြီး နောက်တစ်ခုအတွက် တွယ်တာမှုတဏှာက ရှင်းမထုတ်ဘဲ ထပ်ပိုးလာတဲ့သဘော ဖြစ်သွားတယ်။

ဒါနဆိုတာ တကယ်တော့ အလောဘပဲ နော်၊ ပစ္စည်းပေါ်မှာ တွယ်တာမှုကို စွန့်လွှတ်ရတာ၊ "ထောင်မြင် ရာစွန့်" ဆိုတာ မလုပ်နဲ့ပေါ့၊ အတွေးထဲမှာ မထားနဲ့ပေါ့၊ "လုပ်သင့်လို့ လုပ်တယ်"လို့ပဲထား၊ ဒါနကောင်းမှုကုသိုလ်ဆိုတာ လုပ်ကို လုပ်ရမယ်၊ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ကျင့်သွားတဲ့လမ်းစဉ် ဖြစ်တယ်၊ လုပ်ရမယ်၊ ဒါ တစ်ခု။

နောက်တစ်ခုက "အေး - တို့က စီးပွါးရှာနေမယ်၊ ဘုရားတရားတော်တွေကို ကျက်မှတ်နေကြတဲ့သံဃာတွေက စီးပွါးမရှာရဘူး၊ တို့အနေနဲ့ တာဝန်ဝတ္တရားအရ လုပ်ကို လုပ်ရမယ်၊ (သို့မဟုတ်) မြတ်စွာဘုရားဟောတဲ့တရားတွေကို မပျောက်ပျက်အောင် ကျက်မှတ်ထိန်းသိမ်းနေတဲ့ ဒီလိုသံဃာတွေကို လှူဒါန်းထောက်ပံ့ပေးမှ သာသနာဆိုတာတည်တံ့နိုင်တယ်၊ သာသနာတည်မှ မြတ်စွာဘုရားရဲ့အဆုံးအမတရားတွေ ကြားနာရမယ်၊ ဒီအခွင့်အရေးတွေ တို့ရဲ့သားမြေးစဉ်ဆက် ဘယ်သူမှ မပျောက်ပျက်အောင် တို့ပြည်တို့ရွာ တို့သာသနာမှာ တို့လုပ်သင့်တယ်"ဆိုပြီးတော့ လှူတဲ့အလှူမျိုး။

နောက်တစ်နည်းက "မြတ်စွာဘုရားသာသနာအရှည်တည်ပါစေ၊ အရှည်တည်မှ လူတွေ ဘုရားအဆုံးအမရပြီးတော့ လိမ္မာယဉ်ကျေးကြမှာ ဖြစ်တယ်၊ စိတ်နှလုံးတွေ နူးညံ့ကြမှာ ဖြစ်တယ်"လို့ ဆိုတဲ့

ချီးမြှောက်လိုတဲ့ စိတ်ဓာတ်ကလေးနဲ့ လှူဖို့ လိုတယ် တဲ့။

“ဒီဒါနအကျိုးကို နောင်ဘဝ ငါခံစားမယ်” ဆိုရင်တော့ Give and Take ဖြစ်သွားမယ်နော်၊ တဏှာကို တစ်ဖက်ကစွန့်ပြီး တစ်ဖက်က ယူတာ ဖြစ်နေတယ်နော်၊ အဲဒါကို ‘အပေးအယူ’လို့ ခေါ်တယ်နော်၊ အပေးသက်သက် မဟုတ်ဘူး၊ အယူပါ ပါလာတာ၊ အယူနဲ့ တွဲဖက်လာတာ၊ Give and Take ပေါ့၊ ‘အပေးအယူ’ လုပ်တယ်၊ မင်္ဂလာဈေးထဲမှာ နေ့တိုင်း အပေးအယူလုပ်ကြတယ်၊ ဒီက ကုန်ပစ္စည်း ပေးလိုက်၊ ဟိုက ပိုက်ဆံယူလိုက်၊ တစ်ဖက်က ပိုက်ဆံကို ယူလိုက်၊ တစ်ဖက်က ကုန်ပစ္စည်း ပေးလိုက်နော်၊ အပေးအယူဆိုတာ အရောင်းအဝယ်ပဲလေ၊ ပေးတယ်ယူတယ်, အရောင်းအဝယ်လုပ်တာမျိုး ဖြစ်သွားပြန်ရော၊ အဲဒီလို မဖြစ်အောင် မွန်မြတ်တဲ့ဒါနမျိုးဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့ လိုအပ်တယ်ပေါ့၊ အရေးကြီးဆုံးက စိတ်နေသဘောထားပဲ၊

တို့လုပ်သင့်တဲ့အလုပ် လုပ်ရပြီလို့ ဝမ်းသာစရာဖြစ်တယ်။

ကဲ - ကောင်းပြီ၊ ဒီဒါနလုပ်ပြီးတဲ့အခါမှာ ဒါနရဲ့အကျိုးတရားကို ကြည့်လိုက်၊ ဘဝသံသရာမှာ လူဖြစ်ရင်လည်း အဆင်ပြေ၊ ကြည့်လေ၊ ဒါနရှိသူနဲ့ မရှိသူဟာ ဘယ်ဘဝရောက်ရောက် ကွာသွားတယ်၊ နောက်ဆုံးမှာ ပြောရမယ်ဆိုရင် ခွေးဖြစ်သွားလည်း ဒါနရှိတဲ့ခွေး (ဒါနလုပ်ခဲ့တဲ့ဘဝက လာတဲ့ခွေး)ကျတော့ သူဌေးအိမ်မှာ ကားတွေဘာတွေ စီးလို့၊ ကောင်းတာတွေ စားလို့၊ ကြက်ဥတို့ အသားတို့ အဲဒီလိုကောင်းတာတွေ စားရတာ။

ဒါနမရှိတဲ့ခွေးကျတော့ ဟိုအမှိုက်ပုံထဲ နှိုက်, ဒီအမှိုက်ပုံထဲ နှိုက်၊ ဒီအထဲမှာ ခဲနဲ့အထုခံရတာတို့ ရေနွေးပူနဲ့ အလောင်းခံရတာတို့ ရှိတယ်၊ ကွဲပြားခြားနားပုံလေးကို ပြောတာ၊ ဒါ သတိထားရမှာလေ၊ ကိုယ့်မျက်စိအောက်မှာ တွေ့နေရတာတွေ မတူဘူးဆိုတာ တွေ့ရတယ်၊ အဲဒီတော့ ဒါနဟာ လုပ်သင့်

သလား မလုပ်သင့်ဘူးလားဆိုတာ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ပေါ့။

ကြည့်ပါလား၊ မတော်တဆ တိရစ္ဆာန်ဖြစ်သွားတာတောင် ဒါနရှိတဲ့အကောင်က ချမ်းချမ်းသာသာနေရတယ်၊ ဒါနမရှိတဲ့အကောင်က ဆင်းဆင်းရဲရဲနေရတယ်၊ ကဲ - လူထဲလည်း ကြည့်ဦး၊ မင်္ဂလာဈေးထဲမှာ အထုပ်ထမ်းနေရတဲ့သူတွေ ရှိတယ်၊ ဆိုင်ပိုင်ရှင်တွေ ရှိတယ်၊ အကူလုပ်နေတဲ့လူတွေလည်း ရှိတယ်၊ အဲဒါ ဘာလို့ ကွဲနေတာလဲ၊ "ဘယ်သူမပြု မိမိမှု"ပဲနော်၊ ကိုယ်ကိုယ်တိုင်က ဒါနကောင်းမှု နည်းပါးလာတဲ့အချိန်ကျတော့ လူ့ဘဝ ရောက်လာပေမယ့်လို့ တစ်ယောက်နဲ့ တစ်ယောက် မတူတာတွေ ဖြစ်လာတယ်။

ဒီမေးခွန်းလေးကို အဖြေထုတ်ကြည့်ပေါ့၊ ဒါနဆိုတာ လုပ်သင့်သလား? မလုပ်သင့်ဘူးလား? တော်ကြာကျတော့ "ဒါနဟာ သံသရာရှည်တယ်၊ ဒါနလုပ်စရာမလိုဘူး"လို့ ဟောတာနဲ့ သွားတိုးနေ

လို့ ရှိရင်, ဟော- နဂိုကမှ ပိုက်ဆံကုန်မှာလည်း ကြောက်ကြောက်ဆိုတော့, ဒါနမလုပ်ဘဲနဲ့ နေရင် နောင်ဘဝမှာ ပိုဆိုးမယ်နော်၊ အတွေးတွေ လွဲသွားတတ်တယ်တဲ့။

ဘုရားအလောင်းပါရမီဖြည့်တာ ကြည့်လေ၊ သုမေဓာဘဝမှာ ဒါနက စလိုက်တာ၊ အကြီးအကျယ်လှူတာပဲလေ၊ နောက်ဆုံးပါရမီဖြည့်တဲ့ဘဝလို့ ဆိုတဲ့ ဝေဿန္တရာဘဝမှာတောင် တိုင်းပြည်က နှင်ထုတ်ခံရသည့်တိုင် လှူတာပဲ၊ သားလှူတယ် သမီးလှူတယ် ဇနီးလှူတယ်၊ ဟော- လှူတာမှ အကုန်လှူတာ၊ နောက်ဆုံး သူ့ပဲ လှူဖို့ ကျန်တော့တာနော်၊ အဲဒီလောက်ထိအောင် ဒါနကောင်းမှု လုပ်သွားတာ၊ ဒါတွေကို သတိထားပြီးတော့ ကြည့်ရမယ်၊ ဝိပဿနာသန့်တဲ့သူက "ဝိပဿနာပဲ လုပ်၊ ဒါနလုပ်စရာ မလိုဘူး"လို့များ ပြောမယ်ဆိုလို့ရှိရင် နားမယောင်လေနဲ့နော်၊ သူ့အပိုင်းနဲ့ သူပဲ။

ဒါနဆိုတာ ပိုက်ဆံချမ်းသာမှ လုပ်လို့ရတယ် လို့လည်း မတွက်လေနဲ့၊ ကိုယ်စားနေတဲ့အထဲက လှူတာလည်း ဒါနပဲနော်၊ တစ်နေ့ကို ထမင်းတစ်လုပ် လျှော့စားလို့ ဝိန်တဲ့သူ မရှိပါဘူး၊ တချို့ ဝိတ်တောင် ချနေတယ်၊ အဲဒီဝိတ်ချတဲ့အထဲကလည်း လှူလို့ ရ တာပဲ၊ အဲဒီတော့ ဒါနကောင်းမှုဆိုတာ လုပ်တတ် ရင် ဖြစ်ပါတယ်။

မြတ်စွာဘုရားက ဘယ်လောက်ထိ ဟောထား တုန်းဆိုတော့ ကိုယ့်ရဲ့စားကြွင်းစားကျန် အိုးခွက် ကလေးဘာလေး ဆေးတာကြောတာကအစ သွန်တဲ့ အခါမှာ "တိရစ္ဆာန်လေးတွေ စားကြပါစေ" လို့ အာရုံ ပြုလိုက်ပါတဲ့၊ အဲဒီဒါနရဲ့အကျိုးက ကိုယ့်ဆီ ရောက်တာပဲ၊ ဝစ္ဆဂေါတ္တသုတ်မှာ ဟောထားတယ်၊ ဝစ္ဆဂေါတ္တသုတ်ဟာ အင်္ဂုတ္တရနိကာယ်မှာ ရှိတယ်၊ မြတ်စွာဘုရားက ဒါနနဲ့ပတ်သက်ပြီး အဲဒီလောက် ထိအောင် ဟောထားတာနော်၊ အဲဒီတော့ ဒါနဖြစ်ဖို့ ဆိုတာ ပိုက်ဆံချမ်းသာမှ ဖြစ်တာ မဟုတ်ဘူး၊ ပိုက်ဆံ

ချမ်းသာမှ ဒါနလုပ်နိုင်တာ မဟုတ်ဘူး၊ အားလုံး လုပ်နိုင်ကြတယ်၊ ကောင်းပြီ - ဒါနဆိုတာ လုပ်မိအောင် လုပ်ပါ။ ကိုယ့်အတိုင်းအတာအရ ဒါနဆိုတာ လုပ်ရမယ်။

ကဲ အဲဒီဒါနကို အခြေခံတဲ့ သမထဝိပဿနာကျတော့ ဘယ်လိုကျင့်မှာတုန်း၊ အခု နှစ်စဉ်နှစ်တိုင်း စာသင်တိုက်ကြီးတွေက သံဃာတွေကို လှူတယ်, တန်းတယ်၊ စိတ်ထဲအာရုံထဲ ကြည်နူးတယ်၊ မလှူခင်ကလည်း "လှူမယ်"ဆိုပြီး ဝမ်းသာနေကြတယ်၊ လှူနေတဲ့အချိန်မှာလည်း ဝမ်းသာ၊ လှူပြီးတဲ့နောက်မှာလည်း ဝမ်းသာ၊ ဝမ်းသာမှု ၃-ရပ် ပြည့်စုံပြီဆိုရင် ဒီဒါနဟာ အောင်မြင်တဲ့ဒါန ဖြစ်တယ်။

လှူတာတန်းတာကို စိတ်ထဲအာရုံထဲမှာ မှတ်ထားပြီးတော့ တစ်နေ့ကို တစ်ခါပဲဖြစ်စေ နှစ်ခါဖြစ်စေ အိပ်ရာဝင်အိပ်ရာထလေးမှာ "တို့ ဘယ်တုန်းက ဒါနကောင်းမှုတွေ လုပ်တယ်" ဆိုတာ ကိုယ်လုပ်တဲ့ဒါနတွေကို တစ်နေ့မဟုတ် တစ်ခါမဟုတ် အကြိမ်ကြိမ်

ကိုယ့်စိတ်ထဲမှာ ဝမ်းသာအားရ ဖြစ်သည်ထိအောင် အထပ်ထပ် ဆင်ခြင်သုံးသပ်တာကို စာဂါနုဿတိ ကမ္မဋ္ဌာန်းလို့ ခေါ်တာပဲ၊ သမထကျင့်စဉ်တစ်ခု ဖြစ်လာတယ်နော်၊ အဲဒီပေါ်မှာ စိတ်ကလေးငြိမ်လာပြီးလို့ ရှိရင် **သမထ** ဖြစ်လာတာ၊ အဲဒါကို **"ဒါန အခြေခံတဲ့ သမထ"**လို့ ခေါ်တယ်၊ အဲဒီလို **သမာဓိ** ရပြီး **ပီတိ**တွေ ဖြစ်လာသည်ထိအောင် ဆင်ခြင်စဉ်းစား၊ အဲဒါက **သမထဘာဝနာ**။

**ဝိပဿနာ**ဖြစ်အောင်ကျတော့ စဉ်းစားလို့ လွယ်တယ်၊ အေး "တို့လှူတဲ့ဆွမ်း မရှိတော့ဘူး"၊ အခု ကျောင်းလှူရင်လည်း "ကျောင်းလှူတာ၊ ဟို တဖြည်းဖြည်းနဲ့ ပြောင်းလဲသွားပြီ"၊ အဝတ်သင်္ကန်း လှူရင်လည်း "အဝတ်သင်္ကန်းဆိုတာ တစ်နှစ် ဝတ်ရုံ လိုက်တယ်ဆိုရင် တစ်နှစ်အတွင်းမှာပဲ ဟောင်းနွမ်း သွားတယ်"၊ တစ်ခုစီ ဒီလို စဉ်းစားကြည့်ပြီး "ဘယ် အရာမှ မမြဲဘူး၊ တို့ အဲဒီတုန်းက ဖြစ်ခဲ့တဲ့စေတနာ တွေကလည်း သင်္ခါရသဘောအရ ပျက်စီးသွားပြီ၊

အကြောင်းတိုက်ဆိုင်လို့ ဖြစ်လာတဲ့သဘာဝတရား တွေဟာ ဖြစ်ပြီးရင် ပျက်သွားတာပဲ၊ တို့လှူတဲ့ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာဆိုတဲ့ သဘာဝတရား တွေဟာ ဖြစ်ပြီးရင် ပျက်တတ်တဲ့ သဘာဝတရားတွေ ဖြစ်သောကြောင့် **အနိစ္စ**၊ မမြဲတဲ့အန္တရာယ်ကြီးက အမြဲတမ်းနှိပ်စက်နေလို့ ဒုက္ခ၊ (ဒုက္ခဆိုတာ အရပ် ထဲမှာ အရောင်းအဝယ် မကောင်းလို့ ညည်းတဲ့ဒုက္ခ မဟုတ်ဘူး)၊ မမြဲတဲ့သဘောတရားကြီးက နှိပ်စက်နေ လို့ ဒုက္ခ၊ အဲဒီလို နှိပ်စက်နေတာကို ကိုယ်က ဘာမှ မတတ်နိုင်လို့ **အနတ္တ**" လို့ ဒီသဘောလေးတွေကို ဆင်ခြင်စဉ်းစားခြင်းအားဖြင့် ဒါနကနေ ဆင့်ပွါးပြီး တော့ ဝိပဿနာတရား ဖြစ်လာတယ်။

အဲဒီကနေတစ်ဆင့် အဆင့်မြင့်မြင့် ဆင်ခြင် ရင် ဘယ်လိုဆင်ခြင်မတုန်း။ "တို့ လှူခဲ့တဲ့တန်းခဲ့တဲ့ ဆွမ်းတွေဆိုတာ ရုပ်တရားတွေပဲ၊ ရုပ်တရားတွေ ဆိုတာ ဖြစ်ပြီး ပျက်သွားတာပဲ၊ အလှူခံပုဂ္ဂိုလ် ရဟန်းသံဃာတွေဟာလည်း ရုပ်နာမ်တရားတွေပဲ၊

အဲဒီတော့ ရုပ်တရား နာမ်တရားကလွဲလို့ ဘာမှ မရှိဘူး၊ အားလုံးဟာ ရုပ်တရားနာမ်တရားဆိုတာ ဖြစ်ပြီးရင် ပျက်သွားတတ်တဲ့သဘောတွေပဲ" လို့ ဆင်ခြင်ရမယ်။

ဒါနစေတနာဆိုတာက နာမ်တရားလေးပဲ၊ ဒါကလည်း ဖြစ်လာပြီးတဲ့နောက် ပျက်သွားတာ၊ အလှူခံပုဂ္ဂိုလ်ဆိုတဲ့ **အာရမ္မဏပစ္စည်း**၊ အလှူဝတ္ထုဆိုတဲ့ **အာရမ္မဏပစ္စည်း**၊ အဲဒါကို အကြောင်းပြုပြီးတော့ သဒ္ဓါတို့ အလောဘတို့ ဆိုတဲ့ ဒီတရားတွေပေါင်းစုပြီး ဖြစ်ပေါ်လာတတ်တယ်၊ အဲဒါတွေကအာရမ္မဏပစ္စည်းရဲ့အကျိုးတရားတွေပဲလို့-အကြောင်းနဲ့အကျိုးကို ဆင်ခြင်စဉ်းစားလိုက်ရင်လည်း ဒါ**ဝိပဿနာလမ်းကြောင်းပေါ်** ရောက်လာတာပဲ၊ "ဘယ်အရာမှ မမြဲဘူး၊ အားလုံးဟာ ဖြစ်ပြီးတဲ့နောက်ပျက်သွားတာချည်းပဲ"လို့ ဆင်ခြင်သုံးသပ်နိုင်တယ်။

နောက်ဆုံး အနီးကပ် ဆင်ခြင်သုံးသပ်ချင်ရင်တော့ ဒါနကောင်းမှုကို ဆင်ခြင်သုံးသပ်တဲ့အခါ ပီတိ

တွေ ဖြစ်လာတယ်၊ အဲဒီဖြစ်လာတဲ့ပီတိကိုပဲ ဆင်ခြင်တာ၊ "သြော် - စိတ်ထဲမှာ အခုလို လှိုက်လှိုက်လှိုက်လှိုက်နဲ့ ဝမ်းသာလာတာဟာ ပီတိပါလား၊ ဒီပီတိတရားဟာ အာရုံကို အကြောင်းပြုပြီး အာရုံနဲ့ စိတ် နှစ်ခုပေါင်းစပ်လာလို့ ဖြစ်လာတာပါလား" လို့ အကြောင်းတရားကို ဆင်ခြင်တယ်၊ မမြဲတဲ့သဘော အနိစ္စလို့ ဆင်ခြင်တယ်၊ ဒီမမြဲမှုဟာ အမြဲဒုက္ခပေးနေလို့ အနှောက်အယှက်ပေးနေလို့ ဒုက္ခ၊ ကိုယ်ဘာမှ မတတ်နိုင်လို့ အနတ္တလို့ဆိုတဲ့ ဒီသဘောတရားတွေကို ဆင်ခြင်တယ်၊ ဒါ ဝိပဿနာလမ်းကြောင်းပေါ် ရောက်သွားတယ်။

အဲဒီတော့ ဒါနကို အခြေခံပြီးတော့ သမထကို ကျင့်လို့ ရတယ်၊ ဝိပဿနာကို ကျင့်လို့ ရတယ်၊ ဝိပဿနာကျင့်ခြင်းအားဖြင့် ဘယ်အထိအောင် ရောက်သွားနိုင်တုန်း? ကိုယ့်ပါရမီရှိသည့် အားလျော်စွာ ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ပြီး နောက်ဆုံး သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ အဲဒီကနေ

ဝိပဿနာတိုးမြင့်လိုက်တဲ့အခါ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ ဝိပဿနာကို အဆင့်မြင့်ရင် အနာဂါမိမဂ် အနာဂါမိဖိုလ်၊ အမြင့်ဆုံးကျင့်နိုင်ပြီ ဆိုလို့ရှိရင် အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ မဂ်အဆင့်ဆင့် တိုးမြင့်သွားတယ်၊ နောက်ဆုံး နိဗ္ဗာန်ဆိုတာကို အပြည့်အဝရရှိကြရမှာ ဖြစ်တယ် လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး "ဒါနအခြေခံတဲ့ သမထဝိပဿနာ"ကို မှတ်သားနာယူကြပြီး သမထ ဝိပဿနာဖြစ်အောင် ကြိုးစားပွားများနိုင်ကြပါစေကုန် သတည်း။

သာဓု . . . သာဓု . . . သာဓု။

# မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူ့ပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ မေ့မှတ်ကျောက်
၂၀။ မေ့အသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ မေ့လက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ မေ့ဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ မောဂ္ဂလ္လာန်သုတ် အနှစ်ချုပ်
၄၀။ ပောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကခံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသဋ္ဌဂုရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြီး ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ